## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

## ပြည်တွင်းအခွန်များဦးစီးဌာန

### ပြည်ပနေနိုင်ငံသားများ၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံမည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ ရသင့်ရထိုက်သောအခွန်ငွေများ လွတ်ကင်းမှုမရှိစေဘဲ အပြည့်အဝရရှိစေရန်နှင့် မြန်မာနိုင်ငံသားအားလုံး အခွန်တာဝန်ကို သာတူညီမျှ ထမ်းဆောင်နိုင်ကြစေရန် ရည်ရွယ်လျက် ယခင်က ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့် ရရှိသည့်လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုခဲ့ခြင်းအား ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဖြင့် ၁-၁၀-၂၀၂၃ ရက်နေ့မှစတင်၍ ပယ်ဖျက်ခဲ့ပါသည်။ ထို့ပြင် အဆိုပါဥပဒေဖြင့် ပြည်ပနေနိုင်ငံသားများ၏ လစာဝင်ငွေအပေါ် တွက်ချက်ရမည့်ဝင်ငွေခွန်နှုန်းထား၊ ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏ သတ်မှတ်ရမည့်နည်းလမ်းနှင့် ပေးဆောင်ရမည့် ငွေကြေးအမျိုးအစားသတ်မှတ်ချက်တို့အား ပြဋ္ဌာန်းခဲ့ပါသည်။

၂။ မြန်မာနိုင်ငံ၏ပြင်ပတွင် နေထိုင်အလုပ်လုပ်ကိုင်ကြသော မြန်မာနိုင်ငံသားများအနေဖြင့် ၂၀၂၃ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ မိမိတို့၏ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာဝင်ငွေအပေါ် အောက်ပါတွက်ချက်မှုနည်းလမ်း (၂) မျိုးဖြင့် တွက်ချက်ပြီး ရရှိသည့်အခွန်ပမာဏ (၂) ရပ်အနက် **နည်းရာအခွန်ပမာဏဖြင့်ပေးဆောင်ရမည်** ဖြစ်ပါသည်-

(က) ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုထားသည့်သက်သာခွင့်များအား နုတ်ပယ်ပြီး ဝင်ငွေအလွှာအလိုက်အခွန်နှုန်းထားဖြင့် တွက်ချက်ခြင်းနည်းလမ်း၊

(ခ) ဝင်ငွေခွန်ဥပဒေအရ ခွင့်ပြုထားသည့်သက်သာခွင့်များအား နုတ်ပယ်ခြင်းမပြုဘဲ အခွန်နှုန်း ၂ ရာခိုင်နှုန်းဖြင့် တွက်ချက်ခြင်းနည်းလမ်း။

၃။ ပြည်ပနေနိုင်ငံသားများအနေဖြင့် ပြည်ပတွင် နိုင်ငံခြားငွေဖြင့်ရရှိသည့်လစာဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ သိရှိရန်လိုအပ်သည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်-

(က) မိမိပေးဆောင်ရမည့် လစာဝင်ငွေခွန်ပမာဏကို သိရှိနိုင်ရန် ပြည်တွင်းအခွန်များဦးစီးဌာန Website (https://www.ird.gov.mm) ၏Home Page ရှိ လစာဝင်ငွေခွန် တွက်ချက်ရန် (ပြည်ပနေနိုင်ငံသား) Menu Link မှတစ်ဆင့် (သို့မဟုတ်) https://paye.ird.gov.mm မှ တိုက်ရိုက်ဝင်ရောက်၍ လစာဝင်ငွေခွန် တွက်ချက်မှုစနစ် (PAYE Tax Calculator) တွင် ဝင်ရောက်တွက်ချက်ကြည့်နိုင်ပါသည်၊

(ခ) လစာဝင်ငွေခွန်ပေးဆောင်နိုင်ရန် စနစ်အတွင်းသို့ အချက်အလက်များထည့်သွင်းခြင်းကို သက်ဆိုင်ရာသံရုံးဝန်ထမ်းများ (သို့မဟုတ်) သက်ဆိုင်ရာအခွန်ရုံးဝန်ထမ်းများက ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ စနစ်အတွင်းသို့ ထည့်သွင်းရန်လိုအပ်သည့် အချက်

အလက်များမှာ လစာဝင်ငွေခွန်ပေးဆောင်သူ၏ အမည်၊ နိုင်ငံကူးလက်မှတ်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ OWIC အမှတ် (သို့မဟုတ်) CDC/ SIRB အမှတ်၊ နေရပ်လိပ်စာ စသည်တို့ဖြစ်ပါသည်၊

(ဂ) လစာဝင်ငွေခွန်ကို မိမိရရှိသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်သာ ပေးဆောင်ရပါမည်၊

(ဃ) အထက်အပိုဒ် ၂ ပါ ဖော်ပြချက်နှင့်အညီ တွက်ချက်သတ်မှတ်သည့် ပေးဆောင်ရမည့် ဝင်ငွေခွန်ပမာဏမှ သက်ဆိုင်ရာပြည်ပနိုင်ငံ၏ အခွန်ဥပဒေအရ ပေးဆောင်ခဲ့ရသည့် ဝင်ငွေခွန်ပမာဏကို ခုနှိမ်ခွင့်ရရှိပါမည်၊

(င) သာမန်အားဖြင့် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာနိုင်ငံသံရုံးတွင် Passport သက်တမ်းတိုးချိန်၌ ပေးဆောင်ရမည်၊ **(မိမိ၏လစာဝင်ငွေနှင့်စပ်လျဉ်း၍ အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေလိုသူများအနေဖြင့် လစဉ် (သို့မဟုတ်) သုံးလတစ်ကြိမ် (သို့မဟုတ်) နှစ်စဉ် သက်ဆိုင်ရာသံရုံးတွင် ပေးဆောင်လိုပါကပေးဆောင်နိုင်ပါသည်၊)** မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးမှ ပေးဆောင်ခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးဌာန မှူးရုံးတွင် ပေးဆောင်ရမည်၊

(စ) သက်ဆိုင်ရာဝင်ငွေနှစ်အတွက် အခွန်ပေးဆောင်ပြီးပါက သက်ဆိုင်ရာသံရုံး/ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ QR Code ပါဝင်သည့် အီလက်ထရောနစ်ငွေရပြေစာနှင့် **ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်** တို့ကို ပြန်လည်ထုတ်ပေးမည်ဖြစ်ပါသည်။

၄။ ပြည်ပနေနိုင်ငံသားများအနေဖြင့် မိမိတို့၏လစာဝင်ငွေအပေါ် ဝင်ငွေခွန်တွက်ချက် ပေးဆောင်ခြင်းသည် မိမိတို့နိုင်ငံသားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ကူညီထောက်ပံ့ခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် လစာဝင်ငွေခွန်ပေးသွင်းထားသည့် ပြည်ပနေနိုင်ငံသားများအနေဖြင့် မိမိနိုင်ငံတွင် အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်း၊ မော်တော်ယာဉ် အစရှိသည့် အခြေပစ္စည်းများ ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းစိစစ်မှု ခံယူချိန်တွင် **ပြည်ပနေနိုင်ငံသား၏ လစာဝင်ငွေခွန်ပေးသွင်းခြင်းဆိုင်ရာ အထောက်အထားလက်မှတ်** အား တင်ပြ၍ အထောက်အထားလက်မှတ်ပါဝင်ငွေပမာဏကို ဝင်ငွေရလမ်း (အရပ်အခေါ် "ငွေဖြူ") အဖြစ် ခံစားခွင့်ရှိမည်ဖြစ်ပါသည်။ အဆိုပါအထောက်အထားတင်ပြနိုင်သည့် ပမာဏအထိ ဝင်ငွေခွန်ကျသင့်မည်မဟုတ်ပါ။

၅။ ပြည်ပနေနိုင်ငံသားများ၏ ပြည်ပတွင်နိုင်ငံခြားငွေဖြင့်ရရှိသည့် လစာဝင်ငွေအပေါ် ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့်စပ်လျဉ်း၍ ပိုမိုပြည့်စုံစွာသိရှိလိုပါက အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်) တယ်လီဖုန်းနံပါတ် ၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)

တယ်လီဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂၊ ၀၂-၄၀၃၀၆၃၈၊ ၀၂-၄၀၃၀၆၃၉ တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**